# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 5 , 2025 Volume 88 , Number 3


| ၅.၃.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၂.၅၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၀၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၅.၆၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၃.၆၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၃၁ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## အသီးအရည်အသွေးပေါ်မူတည်ပြီး အရောင်းအဝယ်လုပ်နေရသည့် ဖရဲဈေးကွက်




မြန်မာနိုင်ငံမှထွက်ရှိသည့် ဖရဲသီးများကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ အသီးအရည်သွေးပေါ် မူတည်ပြီး ဈေးသတ်မှတ် အရောင်းအဝယ်လုပ်နေရကြောင်း သစ်သီးပွဲရုံများထံက သိရသည်။

လက်ရှိအချိုခတ်ပိုလျှင်ဈေးပိုရသည့်အနေအထားဖြစ်ပြီးအမဲစက် အစက်ပြောက်ပါလာပါက ဈေးမရသည့်အပြင် အရောင်းအဝယ်မရှိကြောင်း ကုန်သည်များက ဆိုသည်။

“ မြန်မာနိုင်ငံကနေ တရုတ်နယ်စပ်ကို ရောက်ဖို့ ၄ ညအိပ်၊ ၅ ရက်ကြာတယ်ဆိုတော့ အရည်အသွေးကတော့ ကျတယ်။ တချို့နိုင်ငံတွေနဲ့ယှဉ်ရင်တော့ ဈေးနှိမ်ခံရတယ်၊ ထင်သလောက်ဈေးမရသေးဘူး” ဟု ဖရဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိပုံမှန်အများဈေးအနေဖြင့် ယွမ် ၃၃,၀၀၀ မှ ၃၇,၀၀၀ကြား ဈေးရရှိပြီး အရည်သွေးကောင်းပါက အမြင့်ဆုံးဈေး ယွမ် ၄၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ပြည်တွင်း၌ ဖရဲအထွက်နှုန်းလျော့ကျနေပြီး တရုတ်သို့ကားအဝင်နည်းနေသော်လည်း ဈေးရရှိမှုမှာ ထင်သလောက်မရသေးကြောင်း ပွဲရုံများက ဆိုသည်။

“ ဒီနှစ်ကတချို့နယ်မြေမှာစိုက်ကေလဲ ထက်ဝက်လျော့ကျတယ်။ အထွက်လဲနည်းတယ်။ ဖရဲကားလဲ အရင်နှစ်လောက်မရှိဘူး။ ဒါပေမဲ့ ထင်သလောက် ဈေးမရသေးဘူး။ ဈေးတော့ စောင့်ကြည့်နေရတယ်။” ဟုဖရဲပွဲရုံတစ်ရုံမှတာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတရုတ်ကို ဖရဲတင်ပို့ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ရှိနေပြီး တင်ပို့သည့်ကားခမှာ ကျပ်သိန်း၂၄၀ ကျော်အထိပေါက်ဈေး ရှိကြောင်း လည်း သိရသည်။

ယခုနှစ် ဖရဲသီးစိုက်ပျိုးစရိတ်နှင့်ဖရဲတင်ပို့ရာတွင်ကုန်ကျစရိတ်ပိုမိုများသည့် အတွက် ဈေးတန်းတစ်ခုရမှသာ တွက်ခြေကိုက်မည်ဖြစ်ကြောင်း သိရသည်။

ဖရဲသီးအား ရှမ်းပြည်နယ်မြောက်ပိုင်း ၊မန္တလေးတိုင်းဒေသကြီး ၊စစ်ကိုင်းတိုင်းဒေသကြီးစသည်တို့တွင် အဓိကစိုက်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တော်တော်များများတွင် စိုက်ပျိုးလျက်ရှိသည်။မူဆယ်နယ်စပ်ကနေတစ်ဆင့် တရုတ်နိုင်ငံသို့ ဖရဲတင်ပို့မှု နှစ်စဉ်တန်ချိန် ၈ သိန်း ခန့် ရှိကြောင်းသိရသည်။

**Source :** https://htwettoe.com/

## ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မတ်ပဲများ ထွက်ပေါ်လျက်ရှိပြီး တောင်သူများ အကျိုးအမြတ်ရရှိ



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဆောင်းသီးနှံဖြစ်သည့် မတ်ပဲများကို ၂၀၂၄ ခုနှစ်တွင် စိုက်ဧက ၈၉,၃၃၄ ဧက စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် ၄၂,၈၂၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

မတ်ပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် စတင်ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် မတ်ပဲပင်ထောင်မျိုးများကို စိုက်ပျိုးကြပြီး မတ်ပဲမျိုးတစ်တင်းလျှင် ငွေကျပ် ၁၅၀,၀၀၀ ဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် မျိုးခြောက်ပြည်ခန့် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊မတ်ပဲတစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ်၇၀၀,၀၀၀ ကုန်ကျပြီး တစ်ဧကလျှင် ၁၂-၁၅ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဓနုဖြူမြို့နယ်အတွင်းရှိ ပွဲရုံများသို့ရောင်းချပြီးပွဲရုံများမှရန်ကုန်မြို့သို့တင်ပို့ရောင်းချ၍ထိုမှတစ်ဆင့်ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချကြောင်း သိရသည်။

**Source:** ကြေးမုံသတင်းစာ

## အလေ့ကျပေါက်ဆီးပင်မှ မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိ



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် ယာကွက်များ၊ကိုင်းကွင်းများ ဘေး၌ သဘာဝအလျောက် အလေ့ကျပေါက်ရောက်လေ့ရှိသော ဆီးချဉ်ပင်များ၊ ဆီးချိုပင်များမှ ထွက်ရှိသည့်ဆီးသီးအစို၊ အခြောက်များနှင့် ဆီးစေ့များကို ကောက်ယူရောင်းချသူများအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တစ်နှစ်တစ်ခါ ဆီးသီးများထွက်ရှိသည့်အချိန်တွင် ဆီးပင်တစ်ပင်လျှင်အပင်သက်တမ်းအနုအရင့်အလိုက် ၄ တင်း မှ ၁၀ တင်းကျော်ထိ ထွက်ရှိကြောင်း သိရသည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလမှ မေလထိ ၄ လနီးပါးခန့် ကောက်ယူရကြောင်း၊ ဈေးနှုန်းအနေဖြင့် ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (စတုတ္ထပတ်)တွင် ဆီးသီးအစိုတစ်တင်းလျှင် ကျပ်(၁၂၀၀၀-၁၂၅၀၀)ဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ရောင်းချကြောင်း၊ ထိုပွဲရုံများမှ တစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ကြောင်း သိရသည်။

မိမိယာကွက်ဘေးတွင် အလေ့ကျပေါက်သည့်ဆီးပင် များမှထွက်ရှိသည့် ဆီးသီးများကိုရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း၊ အပူပိုင်းဒေသ ယာခင်းများတွင် အလေ့ကျပေါက်သည့် ဆီးပင်တစ်ပင်လျှင် ကျပ် ၅၀,၀၀၀မှ ၁၀၀,၀၀၀ ကြား အပိုဝင်ငွေရရှိသည့်အတွက် ဆီးပင်၄-၅ ပင်ရှိသည့်တောင်သူများအတွက် စားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း အထက်မင်းလှမြို့၊ အမှတ်(၆)ရပ်ကွက်တွင် နေထိုင်သည့် ဆီးသီးကောက်ယူရောင်းချသည့် တောင်သူတစ်ဦးထံက သိရသည်။

**Source :DOCA(မကွေး)**

https://www.doca.gov.mm/

## မအူပင်ဈေးကွက်၌ ဗီယက်နမ် ငရုတ်ခြောက်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ အခြေခံစားသောက်ကုန်ဈေးကွက်သို့ ပွင့်လင်းရာသီ၌ နေ့စဉ် ငရုတ်ခြောက်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ကတည်းက စတင်၍ ဈေးကွက်အတွင်းဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ငရုတ်သီးအမှည့်နှင့် ငရုတ်သီးစိမ်း၊ ငရုတ်မိုးထောင်၊ အောက်ဆွဲ၊ ဗီယက်နမ်ငရုတ်အခြောက်တောင့် မျိုးများကိုသာ အများဆုံးစိုက်ပျိုးပြီး အခြားတိုင်းဒေသများသို့တင်ပို့လျက်ရှိသည်။

ဗီယက်နမ်ငရုတ်အခြောက်ကို ၂၀၂၄ ခုနှစ်တွင်စိုက်ပျိုးပြီး ထွက်ရှိသော ငရုတ်ခြောက်များကို ၂၀၂၅ခုနှစ် ပွင့်လင်းရာသီတွင် အရောင်းအဝယ် နှစ်စဉ်ဖြစ်လျက်ရှိကြောင်း၊ ငရုတ်ခြောက်စတင် ဈေးကွက်ဝင်ရောက်ချိန် ဒီဇင်ဘာလ ပထမပတ်တွင် ၁ပိဿာလျှင် ငွေကျပ် ၁၀,၀၀၀-၁၂,၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ပြီး တစ်ရက်လျှင် ပိဿာချိန် ၃၀ ဝင် အိတ်ရေ ၁၀၀ မှ ၃၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ပထမပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဗီယက်နမ်ငရုတ်ခြောက် ၁ပိဿာ လျှင် ငွေကျပ် ၇၅၀၀-၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလဈေးနှုန်း ၂၀၂၅ခုနှစ် ဖေဖော်ဝါရီလ ဈေးနှိုင်းယှဉ်ပါက ငွေကျပ် ၂၅၀၀-၃၅၀၀ ခန့် ဈေးနှုန်းအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ဈေးကွက်အနေဖြင့်ဒေသတွင်းဝယ်ယူစားသုံးမှုအပြင်ရန်ကုန်မြို့သို့ တင်ပို့လျက်ရှိကြောင်း ဈေးကွက်က သိရသည်။

**DOCA (ဧရာဝတီ)**

https://www.doca.gov.mm/

## ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါး တင်းရေ ၆၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါး တင်းရေ ၆၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ဇန်နဝါရီလတစ်လအတွင်းက နှစ်လခွဲစပါးအမျိုးအစားတင်းရေ ၅၂,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း နှစ်လခွဲစပါးအမျိုးအစားတင်းရေ ၆၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါးတင်းရေ ၆၇,၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်၊ ညောင်တုန်းမြို့နယ်ကနေ စပါး၊ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်၊ နှစ်လခွဲစပါး အမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အား ကောင်းခဲ့တာဖြစ်ပါတယ်။ တခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော၊ လတ်တလော အနေနဲ့ပါ နှစ်လခွဲစပါးအမျိုးအစားက အရောင်းအဝယ်ပိုကောင်းနေပါတယ်” ဟု သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါး အမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁,၇၈၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဟောင်ကောင်ဒေသ၏ အလုပ်လက်မဲ့ရာခိုင်နှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်းတွင် ဆက်လက်ရပ်တည်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဟောင်ကောင်ဒေသ၏ ပျမ်းမျှ အလုပ်လက်မဲ့နှုန်းထားသည် ယခင်သုံးလပတ်ကာလတွင်ရှိခဲ့သည့် ၃ ဒသမ ၁ ရာခိုင်နှုန်းတွင် ဆက်လက် ရပ်တည်နေခဲ့ကြောင်းနှင့် ရရာအလုပ်လုပ်ကိုင်မှုနှုန်းမှာလည်း ၁ ဒသမ ၁ ရာခိုင်နှုန်း၌ပင် ဆက်လက် ရှိနေခဲ့ကြောင်း ဖေဖော်ဝါရီလ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဟောင်ကောင်ဒေသအစိုးရ၊ သန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာနမှ ထုတ်ပြန်သည့် စာရင်းဇယားများတွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စာရင်းဇယားများနှင့်နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း လုပ်ငန်းကဏ္ဍအလိုက်၌ အလုပ်လက်မဲ့နှင့် ရရာအလုပ်လုပ်ကိုင်မှုနှုန်းထား အမျိုးမျိုးရှိခဲ့သော်လည်း ပမာဏအားဖြင့် သိသိသာသာ ကွဲပြားမှုမရှိခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း အလုပ်အကိုင်ခန့်ထားမှု အနေဖြင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ခန့်ထားခဲ့သည့်ပမာဏထက် ၂,၃၀၀ ခန့် ကျဆင်းခဲ့ပြီး စုစုပေါင်း ၃,၇၁၆,၆၀၀ ခန့် ရှိခဲ့ကြောင်းနှင့် လုပ်သားဦးရေ ၅,၇၀၀ ကျဆင်း ခဲ့ကာ စုစုပေါင်း လုပ်သားဦးရေ ၃,၈၂၆,၇၀၀ ရှိကြောင်း ရေးသားဖော်ပြထားသည်။

ဟောင်ကောင်ဒေသ၏ ပျမ်းမျှအလုပ်လက်မဲ့နှုန်းထားမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ယခင်အတိုင်း မပြောင်းလဲဘဲ နှုန်းထားနိမ့်ပါး လျက်ရှိနေဆဲဖြစ်ကြောင်း၊ ရရာအလုပ်လုပ်ကိုင်မှုအနေဖြင့်လည်း ၁ ဒသမ ၁ ရာခိုင် နှုန်းတွင်သာ ဆက်လက်ရပ်တည်နေကြောင်း၊ ယခင်သုံးလပတ်ကာလနှင့်နှိုင်းယှဉ်ပါက လုပ်သား အရေအတွက်နှင့် စုစုပေါင်းအလုပ်အကိုင်ခန့်ထားမှုမှာ အနည်းငယ်သာ ကျဆင်းခဲ့ ကြောင်း အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီး Mr Chris Sun က ပြောကြားခဲ့ကြောင်း ရေးသား ဖော်ပြထားသည်။

ကမ္ဘာ့စီးပွားရေးအခြေအနေ မရေရာမှုများကြောင့် ဟောင်ကောင်ဒေသ၏ လုပ်ငန်းအချို့အပေါ် စိန်ခေါ်မှုများ ဖြစ်ပေါ်နေမည်ဖြစ်သော်လည်း လတ်တလောကာလအတွင်း ဟောင်ကောင်ဒေသ၏ လုပ်သားဈေးကွက်မှာတည်ငြိမ်နေမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

**Source : စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့။**

https://myantrade.gov.mm/

## ဇန်နဝါရီလအတွင်း ဟောင်ကောင်လေဆိပ်အသုံးပြုသွားလာသည့် ခရီးသွားအရေအတွက် ၂၇ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်

၂၀၂၅ ခုနှစ်၊ဇန်နဝါရီလအတွင်း ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ် အသုံးပြုသွားလာခဲ့သည့် ခရီးသွားအရေအတွက် ၅ ဒသမ ၂၈ သန်းရှိခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် ၂၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဟောင်ဟောင်လေဆိပ်အာဏာပိုင်အဖွဲ့က ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြောကြားခဲ့ကြောင်း Dim sum daily သတင်းဌာနမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် “Hong Kong International Airport reports 27.8% rise in January passenger traffic” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အလားတူ လေကြောင်းလိုင်းများသွားလာမှုအနေဖြင့်လည်း ယခင်နှစ်ကထက် ၁၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး စုစုပေါင်းသွားလာမှု ၃၃,၆၆၀ ကြိမ်ရှိခဲ့ကြောင်း ကိုဗစ်မတိုင်မီကာလ အခြေအနေ ရောက်ရှိနေပြီးဖြစ်ကြောင်း၊ ဇန်နဝါရီလ ၂၄ ရက် တစ်ရက်တည်းတွင် လေဆိပ်အသုံးပြု ခရီးသွားဦးရေ ၁၉၃,၀၀၀ ဦး ရှိသည့်အတွက် တစ်ရက်တည်းသွားလာမှု အမြင့်ဆုံး သို့ရောက်ရှိခဲ့ပြီး ကိုဗစ်-၁၉ မတိုင်မီ အခြေအနေအတိုင်း အပြည့်အဝ ပြန်လည်ဦးမော့လာပြီဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

သွားလာသည့် ခရီးသွားများတွင် ဟောင်ကောင်ဒေသခံများ၊ ခရီးသွားဧည့်သည်များ၊ ကူးပြောင်းသွားလာသည့် ခရီးသည်များပါဝင်ပြီး သိသိသာသာ မြင့်တက်လာသည့် သွားလာမှုမှာ အရှေ့တောင်အာရှ၊ တရုတ်ပြည်မနှင့် ဂျပန်နိုင်ငံတို့မှ ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

၁၂ လတာကာလအတွင်း ခရီးသည်သွားလာမှု ၃၀ ဒသမ၅ ရာခိုင်နှုန်း၊ ခရီးသွားဦးရေ ၅၄ ဒသမ ၂ သန်း နှင့် လေကြောင်းလိုင်းပျံသန်းသွားလာမှု ၂၇ ဒသမ ၆ ရာခိုင်နှုန်း၊ စုစုပေါင်းသွားလာမှု ၃၆၈,၁၉၅ ကြိမ်အထိ မြင့်တက်ခဲ့ကြောင်း၊ ကုန်စည်ဖြတ်

သန်းသယ်ဆောင်မှုမှာလည်း ၁၂ ရာခိုင်နှုန်း၊ တန်ချိန် ၄ ဒသမ ၉၅ သန်း မြင့်တက်ခဲ့ခြင်းကြောင့် ဟောင်ကောင်လေဆိပ်လည်ပတ်မှုအခြေအနေမှာ ဆက်လက်ဦးမော့နေမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

**စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

https://myantrade.gov.mm/

## အင်ဒိုနီးရှား Carbon Exchange စတင်ပြီးနောက် ကာဗွန်တန်ချိန် ၂ ဒသမ ၅၅ သန်း ကုန်သွယ်မှု မှတ်တမ်းတင်ခဲ့

အင်ဒိုနီးရှားနိုင်ငံသည် ကာဗွန်ဒိုင်အောက်ဆိုက် ၁၅၅၇၃၂၆ တန်နှင့် ညီမျှသော ကာဗွန်ကုန်သွယ်မှုပမာဏ ရူပီယာ ၇၆ ဒသမ ၅၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၇ ဘီလီယံခန့်) တန်ဖိုးရှိကြောင်း Indonesia Carbon Exchange Authority က ကြေညာခဲ့သည်။

ဤကိန်းဂဏန်းတွင် နိုင်ငံတကာကုန်သွယ်မှုပမာဏ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှ စတင်ခဲ့သည့် နိုင်ငံတကာ ကုန်သွယ်မှုပမာဏနှင့်ညီမျှသော CO2 တန်ချိန် ၄၉,၅၄၅ တန်ပါဝင်သည်။ ဤအောင်မြင်မှုသည် ဝန်ဆောင်မှု အသုံးပြုသူ ဦးရေတိုးလာခြင်းနှင့် ကိုက်ညီသည်ဟု OJK မှ အရင်းအနှီးဈေးကွက်ကြီးကြပ်မှု၊ ငွေကြေးနှင့်ကာဗွန်လဲလှယ်ရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ် Inarno Djajadi က ပြောကြား ခဲ့သည်။

ဝန်ဆောင်မှုအသုံးပြုသူစုစုပေါင်းအရေအတွက်သည် ယခုအခါ ၁၀၇ ခုသို့ ရောက်ရှိသွားခဲ့ပြီး စွမ်းအင်နှင့်နည်းပညာ အခြေခံဖြေရှင်းနည်းများအပါအဝင် ကဏ္ဍအသီးသီးတွင် ကာဗွန်ခရက်ဒစ်များ ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (5.3.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Mar. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,978 (Shares) | 26,268,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 1,679 | 12,088,800 | 33,109,694 | 238,390 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 1,328 | 3,920,100 | 38,929,150 | 116,788 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 345 | 2,691,000 | 10,400,986 | 81,128 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,750 | 2,295 | 4,083,850 | 29,664,613 | 53,396 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 218 | 632,200 | 12,823,224 | 37,187 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 538 | 860,800 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 205 | 810,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 370 | 1,182,000 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 4th Mar. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.94 | -0.30 | -0.08% | 358.61 | 358.94 | 357.12 | 6,978 | 26,268,750 | 8 | 677,019 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:00 am, 5th Mar. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 50 (Shares) | 332,200 (MMK) |

| MYANPIX | 358.94 ▲ 0.00 |
|---|---|
| Total Volume (shares) | 50 |
| Total Value (MMK) | 0 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,019 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |